Australian Government

Department of Immigration and Citizenship







# အင်္ဂလိပ်စာသင်ယူရန် သင့်အား ကျွန်ုပ်တို့ကကူညီနိုင်သည်

## နိုင်ငံကူးပြောင်းလာသည့်သက်ကြီးများအတွက်အင်္ဂလိပ်စာအစီအစဉ်

## ကျွန်ုပ်အင်္ဂလိပ်စာကို ဘာကြောင့်သင်သင့်သနည်း။

သင်သည် ယခုအခါ ဩစတြေးလျားနိုင်ငံတွင်ရောက်ရှိနေပြီဖြစ်သဖြင့် အင်္ဂလိပ်စာသင်ယူရန်မှာ သင့်အတွက်ရေးကြီးပါသည်။

အင်္ဂလိပ်စာသည်ဩစတြေးလျားနိုင်ငံ၏နိုင်ငံတော်ဘာသာစကားဖြစ်သည်။ ဩစတြေးလျားနိုင်ငံရှိလူများသည် ဘာသာစကား များစွာပြောဆိုကြသော်လည်း သင့်အနေနှင့် ဩစတြေးလျားဘဝလောက၌ ပြည့်ဝစွာပါဝင်လှုပ်ရှားရန်အတွက် အင်္ဂလိပ်စကားကိုပြောဆိုပြီးနားလည်ရန်လည်းလိုအပ်လိမ့်မည်။ အင်္ဂလိပ်စကားမတတ်ကျွမ်းလျှင် သင့်အနေနှင့် အလုပ်ရပြီး ကိုယ့်အားကိုယ်ကိုးရန်ခက်ခဲမှုရှိသည်ကိုကြုံတွေ့ရလိမ့်မည်။ အကယ်၍သင်သည်ဩစတြေးလျားနိုင်ငံသားခံယူလိုသည့်ဆန္ဒရှိလျှင်လည်း အင်္ဂလိပ်စာတတ်ကျွမ်းရန်လိုအပ်သည်။

## နိုင်ငံကူးပြောင်းလာသည့်သက်ကြီးများအတွက်အင်္ဂလိပ်စာအစီအစဉ်ဆိုသည်မှာ အဘယ်နည်း။

AMEP ဟုလည်းသိကြသောအစီအစဉ်သည် လိုအပ်ချက်ပြည့်မီသော နိုင်ငံကူးပြောင်းလာသည့်သက်ကြီးများနှင့် ခိုလှုံကြသူများကို ဩစတြေးလျားနိုင်ငံ၌အောင်မြင်စွာအခြေချမှုကို ကူညီပေးရေးအဖြစ် အခြေခံအင်္ဂလိပ်စာသင်တန်းကိုပို့ချပေးခြင်းဖြစ်သည်။

AMEP သည်သင့်အား အင်္ဂလိပ်စာသက်သက်မကပိုမိုသင်ပေးမည်။ သင့်အနေနှင့် ဩစတြေးလျားနိုင်ငံလူ့အသိုင်းအဝိုင်း၊ ယဉ်ကျေးမှုနှင့် ထုံးဓလေ့များကိုလည်းသိနားလည်လာလိမ့်မည်။ သင်နှင့်အလားတူအတွေ့အကြုံများနှင့် ရည်မှန်းချက်များရှိနိုင်ကြသော အခြားအသစ်ရောက်စလူများကိုလည်း သင်တွေ့ဆုံလိမ့်မည်ဖြစ်ပြီး သင့်အနေနှင့် မိတ်သစ်များစွာရရှိမည့်အလားအလာ ရှိလိမ့်မည်။

AMEP သည်ဩစတြေးလျားနိုင်ငံတော်အစိုးရမှထောက်ပံ့ကြေးပေးသောအစီအစဉ်တစ်ရပ်ဖြစ်သည်။

## ယင်းအစီအစဉ်၌ ကျွန်ုပ်အနေနှင့် လိုအပ်ချက်ပြည့်မီမည်လား။

အကယ်၍သင်သည် ဩစတြေးလျားနိုင်ငံတွင်အခြေချနေထိုင်သည့် နိုင်ငံကူးပြောင်းလာသူတစ်ဦး သို့မဟုတ် ခိုလှုံသူတစ်ဦးဖြစ်သည့်အပြင် အမြဲတမ်းနေထိုင်ခွင့်ဗီဇာကိုင်ဆောင်ထားပြီး သင့်အနေနှင့် အင်္ဂလိပ်စကားအနည်းအကျဉ်းသာ သို့မဟုတ် လုံးဝမပြောနိုင်လျှင် သင့်အနေနှင့် လိုအပ်ချက်ပြည့်မီသူဖြစ်နိုင်မည်။ ယာယီဗီဇာများကိုင်ဆောင်ထားကြသည့် အချို့သောနိုင်ငံကူးပြောင်းလာသူများနှင့်၊ ၁၅ နှစ်နှင့် ၁၇ နှစ်ကြားအသက်အရွယ်ရှိ အချို့လူငယ်များသည်လည်း ယင်းအစီအစဉ်၌ ပါဝင်နိုင်သည်။

သင့်အနေနှင့် ဩစတြေးလျားနိုင်ငံသို့ရောက်ရှိလာပြီးနောက် ခြောက်လအတွင်း သို့မဟုတ် အမြဲတမ်းနေထိုင်ခွင့်ရရှိပြီးနောက် ခြောက်လအတွင်း AMEP ဝန်ဆောင်လုပ်ငန်းရှင်တစ်ဦးဦးထံ၌ မှတ်ပုံတင်စာရင်းသွင်းရန်လိုအပ်သည်။ သင်သည် အင်္ဂလိပ်စာသင်တန်းကို တစ်နှစ်ကာလအတွင်း စတင်တက်ရောက်သင့်သည်။

သင်သည် ဗီဇာစတင်သည့်ရက်မှ ၅ နှစ်ကြာကာလအတွင်း၊ နာရီပေါင်း ၅၁၀ အထိ သို့မဟုတ် လက်တွေ့အသုံးချအင်္ဂလိပ်စာတတ်မြောက်ရန်လိုအပ်သောနာရီစုစုပေါင်းပြည့်သည်အထိ AMEP ၌ အင်္ဂလိပ်စာသင်နိုင်သည် (မည်သည့်အချက်မဆို ဦးစွာပထမဖြစ်ပေါ်လာလျှင်)။

နိုင်ငံမကူးပြောင်းမီအကြိုကာလ၌ ခက်ခဲသောအတွေ့အကြုံများရှိခဲ့ခြင်း (ဥပမာ ညှဉ်းပန်းခံခဲ့ရခြင်းနှင့် စိတ်ဒဏ်ရာရရှိခဲ့ခြင်း) သို့မဟုတ် အကန့်အသတ်နှင့် ကျောင်းတက်ခဲ့ရခြင်းတို့ကြောင့် သင့်မှာအထူးလိုအပ်ချက်များရှိပါက သင့်၌ သင်တန်းအပိုတက်ရောက်ရန် လိုအပ်ချက်ပြည့်မီနိုင်သည်။

ထို့အပြင် အလုပ်အကိုင်နှင့်လေ့ကျင့်ရေးအစီအစဉ်အတွက် အခြေချမှုဘာသာစကားလမ်းကြောင်းများအစီအစဉ်(SLPET)မှတဆင့် AMEP ဝန်ဆောင်မှုရသူများအတွက် သင်တန်းအပို တက်နိုင်သည်။ SLPET မှဝန်ဆောင်မှုရသူများအားဆောင်ရွက်ပေးသည်မှာ ဝန်ဆောင်မှုရသူများအနေနှင့် ဩစတြေးလားနိုင်ငံလုပ်ငန်းခွင်ထုံးတမ်းဓလေ့များနှင့် အလေ့အထများတို့နှင့် အကျွမ်းဝင်နေခိုက် သက်မွေးဝမ်းကြောင်းဆိုင်ရာအထူးအင်္ဂလိပ်စာတတ်မြောက်ရေးကိုထောက်ကူပေးသော အလုပ်အကိုင်ရရှိခြင်းကိုအဓိကထားသည့်သင်တန်းကို ပို့ချပေးသည်။

## အစီအစဉ်ကုန်ကျစရိတ်ကမည်မျှနည်း။

လိုအပ်ချက်ပြည့်မီကြသောလူအများစုအတွက် အစီအစဉ်အရပညာသင်စရိတ်မှာအခမဲ့ဖြစ်သည်။

## ကျွန်ုပ်အားမည်သူကသင်ပေးမည်နည်း။

ဝန်ဆောင်လုပ်ငန်းရှင်များဟုခေါ်သည့် ဒေသအဖွဲ့အစည်းများမှ AMEP သင်တန်းကိုပို့ချပေးသည်။ ဤဝန်ဆောင်လုပ်ငန်းရှင်များသည် အခြားဘာသာစကားများကိုပြောဆိုကြသူများအား အင်္ဂလိပ်စာသင်ပေးရန်အတွက် လေ့ကျင့်ပေးထားသောဆရာများကို အလုပ်ခန့်အပ်ထားသည်။

သင်၏ဒေသဆိုင်ရာဝန်ဆောင်လုပ်ငန်းရှင်မှ ဤအစီအစဉ်အရ သင့်၌လိုအပ်ချက်ပြည့်မီမှုရှိ၊ မရှိကိုပြောလိမ့်မည်။ ၎င်းတို့မှသင့်အနေနှင့်အင်္ဂလိပ်စာကိုတတ်မြောက်ရန်အကောင်းဆုံးသောနည်းကို အကြံပြုနိုင်သည်။

အကယ်၍သင့်အနေနှင့်မိသားစု သို့မဟုတ် အလုပ်အကိုင်တို့၏အကြောင်းပြချက်များကြောင့် သင်၏သင်တန်းစတင်ရက်ကိုရွှေ့ဆိုင်းရန်လိုအပ်ပါက၊ ထိုခွင့်ပြုချက်ကိုရရှိရန်၎င်းတို့မှစီစဉ်ပေးနိုင်သည်။

မည်သည့်သင်တန်းသည် သင်၏လိုအပ်ချက်နှင့်အကိုက်ညီဆုံးဖြစ်မည်ကို သင့်ဝန်ဆောင်လုပ်ငန်းရှင်မှ သင့်အားအကြံပေးနိုင်သည်။ ၎င်းတို့မှ ဤအချက်ကို သင်၏အလုပ်အကိုင်၊ သင်၏ မိသားစုအခြေအနေနှင့် သင်၏လက်ရှိအင်္ဂလိပ်စာအဆင့်တို့၏အခြေအနေများအပေါ် အခြေခံပြီး ဆောင်ရွက်လိမ့်မည်။ ၎င်းတို့မှသင့်အနေနှင့် ရှေ့ဆက်ပညာသင်ကြားရေးအတွက်လည်း ကူညီစီစဉ်ပေးနိုင်သည်။

## ကလေးထိန်းအင်္ဂလိပ်စာသင်ကြားနေစဉ် ကလေးထိန်း၏ကလေးများကိုမည်သူကစောင့်ရှောက်ပေးမည်နည်း။

သင်သည် သင်တန်းတက်ရောက်နေခိုက် သင့်ကလေးများအားအခမဲ့စောင့်ရှောက်ပေးရန် သင်၏ AMEP ဝန်ဆောင်လုပ်ငန်းရှင်ကစီစဉ်ပေးနိုင်သည်။ ကလေးများအတွက်အခမဲ့စောင့်ရှောက်ပေးမှုမှာ ကျောင်းတက်ရန်အရွယ်မရောက်သေးသည့်ကလေးများအတွက်သာဖြစ်ပြီး သင်မှသင်တန်းများကိုတက်ရောက်နေစဉ်အတောအတွင်းအတွက်သာဖြစ်သည်။

သတင်းအချက်အလက်များကိုပိုမိုသိရှိရန်အတွက် သင်၏ဝန်ဆောင်လုပ်ငန်းရှင်ထံမှ ကလေးများကိုစောင့်ရှောက်ပေးရေးအချက်အလက်အချုပ်ကိုတောင်းပါ။

## မည်သည့်နေရာ၌ ကလေးထိန်းစာသင်ရမည်နည်း။

ဝန်ဆောင်လုပ်ငန်းရှင်များက အချိန်ပြည့်နှင့် အချိန်ပိုင်းသင်တန်းများကို အချိန်ကွဲများ (နံနက်ပိုင်း၊ ညနေပိုင်းနှင့် စနေ၊ တနင်္ဂနွေများ)နှင့် ကျောင်းများ၊ ကောလိပ်များ၊ ဘုရားကျောင်းများနှင့် ဗလီများတို့ကဲ့သို့သော လူမှုအသိုင်းအဝိုင်းဌာနများတို့ပါဝင်ကြသည့် နေရာကွဲများ၌ ပို့ချပေးကြသည်။

ဝန်ဆောင်လုပ်ငန်းရှင်များက ကျေးလက်တောနယ်နှင့် ဒေသန္တရအရပ်များအပြင် မြို့တော်ကြီးများ၌လည်း သင်တန်းများကိုပို့ချပေးကြသည်။

## အကယ်၍ကလေးထိန်းအနေနှင့်သင်တန်းများကိုမတက်ရောက်နိုင်လျှင်ကော။

## အဝေးရောက်သင်ကြားခြင်း

AMEP ၌အဝေးရောက်သင်ကြားပေးခြင်းအစီအစဉ်ရှိသည်။ သင်၏ AMEP ဝန်ဆောင်လုပ်ငန်းရှင်က ဤသင်တန်းနှင့်ပတ်သက်သောအချက်အလက်များနှင့်အကြံဉာဏ်တို့ကို ပိုမိုပေးနိုင်သည်။

သင်တန်းပုံစံမှာ အွန်လိုင်း(အင်တာနက်)မှဖြစ်စေ၊ သို့မဟုတ် စာအုပ်များနှင့် ရုပ်သံ သင်ထောက်ကူပစ္စည်းများကိုအသုံးပြုခြင်းပါဝင်သည့် အစီအစဉ်အလိုက်စာသားများနှင့် ရုပ်သံ သင်ထောက်ကူပစ္စည်းများအတွဲတစ်ခုအရဖြစ်စေ ပို့ချပေးသည်။ သင့်အား အသိအမှတ်ပြုထားဆရာတစ်ဦးမှ တယ်လီဖုန်းနှင့်လည်း ပုံမှန်ဆက်သွယ်နေလိမ့်မည်။ သင်အနေနှင့် သင်တန်းအတွက် တစ်ပတ်တွင်အနည်းဆုံးငါးနာရီအချိန်ပေးရန်လိုအပ်လိမ့်မည်။

လေ့ကျင့်ခန်းနှင့် လှုပ်ရှားမှုတို့၌ပါဝင်သည်များမှာ ရေဒီယိုကိုနားဆင်ခြင်း၊ သတင်းစာများနှင့် ကြော်ငြာများကိုဖတ်ရှုခြင်း၊ သင့်ကိုယ်ပိုင်အကြောင်းများကိုပြောခြင်း၊ သတင်းအချက်အလက်များကို စုံစမ်းခြင်း၊ လျှောက်လွှာပုံစံများကိုဖြည့်စွက်ခြင်းနှင့် စာရေးခြင်းတို့များဖြစ်ကြသည်။

## အိမ်သို့လာသောနည်းပြဆရာအစီအစဉ်

အကယ်၍သင့်၌ AMEP မှလိုအပ်ချက်ပြည့်မီပြီးနောက် သင်တန်းများကိုတက်ရောက်နိုင်ခြင်းမရှိပါက သင့်အိမ်၌နည်းပြဆရာတစ်ဦးနှင့်စာသင်နိုင်မည်။

နည်းပြဆရာက သင့်အားအင်္ဂလိပ်စာကိုအကောင်းဆုံးသောနည်းလမ်းနှင့်သင်ယူတတ်မြောက်ရန်အပြင် ဩစတြေးလျားနိုင်ငံ၏နေ့စဉ်လောကကိုနားလည်ရန်ကူညီပေးနိုင်သည်။

သင်၏ AMEP ဝန်ဆောင်လုပ်ငန်းရှင်က ဤအစီအစဉ်နှင့်ပတ်သက်သောအချက်အလက်များနှင့်အကြံဉာဏ်တို့ကိုပိုမို၍ပေးနိုင်သည်။

## AMEP သင်တန်းကိုမစတင်မီ။

AMEP သင်တန်းကိုမစတင်မီ အောက်ပါတို့အတွက် သင့်အနေနှင့် AMEP ဌာနနှင့်ရက်ချိန်းယူရန်လိုအပ်လိမ့်မည်၊

- သင်၏အင်္ဂလိပ်စာအဆင့်ကိုအကဲဖြတ်ရန်
- သင့်အနေနှင့်အပတ်တိုင်းနာရီပေါင်းမည်မျှသင်မည်နှင့် သင်တက်ရောက်မည့်သင်တန်းအမျိုးအစားတို့ကိုသဘောတူရန်
- ကလေးစောင့်ရှောက်ရေးလိုအပ်ချက်များနှင့် AMEP မှသင့်အားကူညီရန်ဘာလုပ်ပေးနိုင်သည်တို့ကိုဆွေးနွေးရန်
- သင့်ပညာရေးနှင့် သက်မွေးဝမ်းကြောင်းဆိုင်ရာရည်မှန်းချက်ပန်းတိုင်များကဘာတွေလဲ၊ ၎င်းတို့ကိုဆွတ်ခူးရန်အတွက် သင့်နေနှင့်ဘာတွေလုပ်ရန်လိုအပ်သလဲနှင့် ဘာသင်ယူသင့်သလဲ။ ဤအချက်များကိုသတ်မှတ်ပေးသည့် ကိုယ်ပိုင်လမ်းကြောင်းလမ်းညွှန်တစ်ခုကိုဖေါ်ထုတ်ရန်။ သင်အင်္ဂလိပ်စာတတ်မြောက်လာသည်နှင့်အမျှ သင့်ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်နေခြင်း၏တိုးတက်မှုကို သင်၏အစီအစဉ်၌မှတ်တမ်းတင်ပေးလိမ့်မည်။

## နောက်ထပ်သတင်းအချက်အလက်။

နောက်ထပ်သတင်းအချက်အလက်များအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်နိုင်ငံသားဖြစ်မှုဌာနသို့ ၁၃၁ ၈၈၁ စုံစမ်းရေးဖုန်းလိုင်း၌ဆက်သွယ်ပါ (ဩစတြေးလျားနိုင်ငံအတွင်းမည်သည့်နေရာမှမဆိုဖုန်းဆက်လျှင် ဒေသအတွင်းဖုန်းဆက်ခသာကုန်ကျမည်)။

သင်နှင့်အနီးဆုံးသော ဝန်ဆောင်လုပ်ငန်းရှင်အကြောင်းအပါအဝင် AMEP နှင့်ပတ်သက်သောသတင်းအချက်အလက်များကို www.immi.gov.au/amep ၌တွေ့ရှိနိုင်သည်။

အကယ်၍သင်မှစကားပြန်အကူအညီလိုအပ်လျှင် နိုင်ငံတော်ဘာသာပြန်နှင့်စကားပြန်ဝန်ဆောင်မှု(TIS)သို့ ၁၃၁ ၄၅၀ ကိုဆက်သွယ်ပါ (ဩစတြေးလျားနိုင်ငံအတွင်းမည်သည့်နေရာမှမဆိုဖုန်းဆက်လျှင် ဒေသအတွင်းဖုန်းဆက်ခသာကုန်ကျမည်)။ ၎င်းတို့မှ တစ်နေ့တွင် ၂၄ နာရီစလုံး၊ တစ်ပတ်တွင် ၇ ရက်စလုံး ဘာသာပြန်နှင့်စကားပြန်လုပ်ပေးခြင်းများကိုဝန်ဆောင်ပေးသည်။